


VOLUME X, ISSUE 4 4 November 2021


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ဗန်းမော်ဆရာတော်ကြီးနှင့် မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယကဆရာတော်တို့အား သွားရောက်ဖူးမြော် ကြည်ညို | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တွေ့ဆုံ၍ တိုင်းဒေသကြီး အတွင်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးမှာကြား | ၃ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးမြို့ရှိ လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ အားကစားကွင်း များနှင့် မန္တလေးတက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး | ၅ |
| ၄ | တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကော်မတီအစည်းအဝေး အမှတ်စဉ်(၁၅/၂၀၂၁) ကျင်းပ | ၈ |
| ၅ | မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးကျင်းပ | ၉ |
| ၆ | တက္ကသိုလ်၊ ကောလိပ်/ဒီဂရီကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေး ညှိနှိုင်းအစည်းအဝေးကျင်းပ | ၁၀ |
| ၇ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၁၁ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၈ | ကျောက်ဆည်မြို့နယ်၊ သင်ပျိုကျေးရွာ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပညာပေးဟောပြောနေသည့် ကျေးရွာအုပ်ချုပ်ရေးမှူးအား အကြမ်းဖက်သမားများက အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ် | ၁၃ |
| ၉ | အကြမ်းဖက်သမားများက စာသင်ကျောင်းများအား မီးရှို့ဖျက်ဆီး မိုင်းထောင်ဖောက်ခွဲ | ၁၄ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ဗန်းမော်ဆရာတော်ကြီးနှင့် မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယကဆရာတော်တို့အား သွားရောက်ဖူးမြော်ကြည်ညို





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာလ ၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်ရှိ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ဗန်းမော်ဆရာတော်ကြီးနှင့် ချမ်းအေးသာစံမြို့နယ်ရှိ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယကဆရာတော်တို့ထံ သွားရောက်ဖူးမြော်ကြည်ညိုခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဗန်းမော်ဆရာတော်ဘုရားကြီးထံ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်တော်တွင် တည်ထားပူဇော်မည့် “မာရဝိဇယ” ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ ပိဋကတ်သုံးပုံ ကျမ်းစာမြတ်များကို ခေတ်မီစက်ကိရိယာများအသုံးပြု၍ ပါဠိအက္ခရာ၊ ရောမအက္ခရာဟုခေါ်သည့် အင်္ဂလိပ် အက္ခရာတို့ဖြင့် စကျင်ကျောက်တော်များ၌ ရေးထိုးပူဇော်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများအား တင်ပြလျှောက်ထားခဲ့ပြီး ဆရာတော်ကြီးများအား တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများ၊ စားသောက်ဖွယ်ရာများနှင့် ဆေးပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပဉ္စမသင်္ဂါယနာတင် မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်မြတ်စွာဘုရားသို့ သွားရောက်ဖူးမြော်ပြီး တာဝန်ရှိသူများအား ဘုရားဖူးပြည်သူများ စိတ်လက်ချမ်းသာစွာဖြင့် ဖူးမြော်နိုင်ရေး စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရန်၊ ကျောက်စာတိုက်များ ကျောက်စာချပ်များ၏ သန့်ရှင်းသပ်ရပ်ရေးနှင့် အလွယ်တကူဖတ်ရှုလေ့လာနိုင်ရေး ပြုလုပ်ရန်မှာကြားခဲ့ပြီး ဘုရားကြီး ပြုပြင်မွမ်းမံထိန်းသိမ်းနိုင်ရေးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းခဲ့ပါသည်။

**(မြဝတီသတင်းစာ ၄-၁၁-၂၀၂၁)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပဥ္စမသင်္ဂါယနာတင်မဟာလောကမာရဇိန်စေတီကုသိုလ်တော်မြတ်စွာဘုရားကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်စဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပဥ္စမသင်္ဂါယနာတင်မဟာလောကမာရဇိန်စေတီကုသိုလ်တော်မြတ်စွာဘုရား ပြုပြင်မွမ်းမံ ထိန်းသိမ်းနိုင်ရေးအတွက် ဘက်စုံအလှူငွေများပေးအပ်လှူဒါန်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပဥ္စမသင်္ဂါယနာတင်မဟာလောကမာရဇိန်စေတီကုသိုလ်တော်မြတ်စွာဘုရား ပရိဂုဏ်အတွင်း လှည့်လည်ကြည့်ရှုစဉ်

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ-
  - ♦ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဗန်းမော်ဆရာတော်ကြီးနှင့် မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယကဆရာတော်တို့ထံသွားရောက် ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများ၊ စားသောက်ဖွယ်ရာများနှင့် ဆေးပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့။
  - ♦ ဗန်းမော်ဆရာတော်ဘုရားကြီးထံ "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်ရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ၊ ပိဋကတ်သုံးပုံ ကျမ်းစာများကို ခေတ်မီစက်ကိရိယာများအသုံးပြု၍ ပါဠိအက္ခရာ၊ ရောမအက္ခရာ ဟုခေါ်သည့် အင်္ဂလိပ်အက္ခရာတို့ဖြင့် စကျင်ကျောက်တော်များ၌ ရေးထိုးပူဇော်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများအား တင်ပြလျှောက်ထားခဲ့။
  - ♦ မဟာလောကမာရဇိန်စေတီကုသိုလ်တော်မြတ်စွာဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ဘုရားကြီး ပြုပြင်မွမ်းမံထိန်းသိမ်းနိုင်ရေးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းခဲ့။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်တွေ့ဆုံ၍ တိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးမှာကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုဝင်ဘာလ ၃ ရက်တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အား အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ သွားရောက်တွေ့ဆုံခဲ့ပါသည်။

တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က-

- မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်နိုင်သည့် နေရာများစွာရှိသောကြောင့် မြို့တော်စည်ပင်သာယာနှင့်ဆက်စပ်မြို့နယ်များတွင် စိုက်ပျိုးမွေးမြူရေးအထူးပြုလုပ်ငန်းကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ အဆင့်မြင့်ထုတ်ကုန်လုပ်ငန်းအထိ ဆောင်ရွက်ရန်လိုကြောင်း။
- လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအတွင်း ထွက်ရှိသော ကုန်ကြမ်းကို ဒေသအလိုက် အပြန်အလှန် အထောက်အကူပြုကာ ထိရောက်စွာ အသုံးချ၍ တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း။

- စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ဆောင်ရွက်ရာတွင် mass production အဖြစ် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆောင်ရွက်ရန်လိုကြောင်း။
- မန္တလေးတိုင်းဒေသကြီးအတွင်း သဘာဝမြေသြဇာထုတ်လုပ်နိုင်သည့် အခြေခံ ကောင်းများရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်း ဖြစ်သည့် ကြက်ချေး၊ နွားချေး၊ ဝက်ချေးများမှ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အထောက်အကူဖြစ်သည့် သဘာဝမြေသြဇာ ရရှိနိုင်သည့်အတွက် မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျမွေးမြူရန်နှင့် မျိုးကောင်းမျိုးသန့်များကို မွေးမြူရန်လိုကြောင်း။
- မိမိတို့အနေဖြင့်နိုင်ငံအတွင်း ဓာတ်မြေသြဇာလုံလောက်စွာရရှိရေး ဆောင်ရွက်လျက်ရှိသော်လည်း လိုအပ်ချက်ပြည့်မီမှုမရှိသေးသဖြင့် သဘာဝမြေသြဇာများ၊ အီးအမ်ဘိုကာချီများအသုံးပြုနိုင်ရေး အစိုးရမှဦးဆောင်၍ ကျေးလက် ဒေသများအထိ တာဝန်ရှိသူများနှင့်ပူးပေါင်းကာ ထိရောက်စွာအသုံးပြုနိုင်ရေး ဆောင်ရွက် ကြရန်လိုကြောင်း။
- စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မိရိုးဖလာမွေးမြူရေးစနစ်မှ နည်းပညာ အထောက်အကူရယူ၍ အထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း။
- မန္တလေးတိုင်းဒေသကြီးအတွင်း ဝါစိုက်ပျိုးမှုများအား စနစ်တကျဖြင့် အထွက်နှုန်းတိုးအောင်ဆောင်ရွက်၍ နိုင်ငံ၏ ဝါလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်လိုသဖြင့် ဝါစိုက်ပျိုးမှုအား စံပြဖြစ်အောင် စိုက်ပျိုးကြရန်လိုကြောင်း။
- အများပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် မြို့ပတ်ရထားလမ်း တည်ဆောက်ရေးနှင့် Public Trans portation လုပ်ငန်းများအားဆောင်ရွက်နိုင်မည်ဆိုပါက ကိုယ်ပိုင်မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ သုံးစွဲမှု လျှော့ချနိုင်မည်ဖြစ်သဖြင့် စက်သုံးဆီသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း။
- မြန်မာနိုင်ငံတွင်မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်မျိုးစုံ တစ်သန်းခန့်နှင့် မော်တော်ဆိုင်ကယ် ခြောက်သန်းခန့် ရှိကြောင်း၊ တစ်ရက်လျှင်ကားတစ်စီးဆီတစ်ပုလင်း၊ မော်တော်ဆိုင်ကယ်တစ်စီး နို့ဆီဘူးတစ်ဘူးခန့်သုံးပါက နေ့စဉ်ဆီမည်မျှကုန်ကျနေမည်ကိုတွက်နိုင်ကြောင်း၊ နိုင်ငံခြားငွေကြေးများစွာ အသုံးပြုနေရသဖြင့် သွားလာပို့ဆောင်ရေးတွင် ဆီသုံးစွဲမှုလျှော့ချရန် ကြိုးစားရမည် ဖြစ်ကြောင်း။
- မန္တလေးတိုင်းဒေသကြီး၊ ကျေးလက်ဒေသများတွင် ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် အိမ်သုံးဆိုလာစနစ်အား အသုံးပြုနိုင်မည်ဆိုပါက လျှပ်စစ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့်လည်း နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများ ထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း စသည်ဖြင့်မှာကြားခဲ့ပါသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၄-၁၁-၂၀၂၁)**

- **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိရိုးဖလာမွေးမြူရေးစနစ်မှ နည်းပညာအထောက်အကူရယူ၍ အထွက်နှုန်းများတိုးတက်အောင် ဆောင်ရွက်ကြရန်လို။**
- **နိုင်ငံအတွင်း ဓာတ်မြေသြဇာလုံလောက်စွာရရှိရေး ဆောင်ရွက်လျက်ရှိသော်လည်း လိုအပ်ချက်ပြည့်မီမှုမရှိသေးသဖြင့် သဘာဝမြေသြဇာများ၊ အီးအမ် ဘိုကာချီများ အသုံးပြုနိုင်ရေး အစိုးရမှဦးဆောင်၍ ကျေးလက်ဒေသများအထိ တာဝန်ရှိသူများနှင့်ပူးပေါင်းကာ ထိရောက်စွာအသုံးပြုနိုင်ရေး ဆောင်ရွက်ကြရန်လို။**
- **အများပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် မြို့ပတ်ရထားလမ်း တည်ဆောက်ရေးနှင့် Public Transportation လုပ်ငန်းများအားဆောင်ရွက်နိုင်မည်ဆိုပါက ကိုယ်ပိုင်မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ သုံးစွဲမှု လျှော့ချနိုင်မည်ဖြစ်သဖြင့် စက်သုံးဆီသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်။**
- **မန္တလေးတိုင်းဒေသကြီး၊ ကျေးလက်ဒေသများတွင် ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် အိမ်သုံးဆိုလာစနစ်အား အသုံးပြုနိုင်မည်ဆိုပါက လျှပ်စစ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် နေရောင်ခြည် စွမ်းအင်သုံးဆိုလာပြားများ ထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိ။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးမြို့ရှိ လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ အားကစားကွင်းများနှင့် မန္တလေးတက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ နိုဝင်ဘာလ ၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်ရှိ လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ ဗထူး အားကစားကွင်းနှင့် မဟာအောင်မြေမြို့နယ်ရှိ မန္တလေးတက္ကသိုလ်၊ ပင်မစာကြည့်တိုက်တို့သို့ သွားရောက် ကြည့်ရှု စစ်ဆေးခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ချမ်းအေးသာစံမြို့နယ်ရှိ အခြေခံမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းအုပ်များအား တွေ့ဆုံရာတွင်-

- ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ စာသင်ခန်းများ သပ်ရပ်သန့်ရှင်းမှု ရှိစေရေးနှင့် စာသင်ခုံများ စနစ်တကျရှိစေရေး၊ အမှိုက်များအား စနစ်တကျစွန့်ပစ်သည့် ကောင်းမွန်သော အလေ့အကျင့်ရှိစေရေး သင်ကြားကြပ်မတ် ဆောင်ရွက်ကြရန်။
- ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာဆောင်ရွက်သွားရန် မှာကြားခဲ့။

ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားကွင်းတွင် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် မှာကြားရာတွင်-

- အားကစားကွင်းများ ကောင်းမွန်ရမည်ဖြစ်ပြီး အဆင့်မြင့်တင်ရာတွင် အားကစားသမားများအတွက် အနားယူရန်နေရာများ၊ ကွင်းအတွင်းသို့ ဝင်ရောက်နိုင်မည့် လမ်းကြောင်းများကို တွက်ချက်ထည့်သွင်းရန်။
- ပွဲကြည့်စင်များကိုလည်း ကြည့်ရှုသူပရိသတ် အရေအတွက်နှင့် ကိုက်ညီစွာ ထပ်မံတိုးချဲ့ဆောက်လုပ်နိုင်မည့် ပုံစံများဖြင့် ဆောင်ရွက်သွားရန် မှာကြားခဲ့။

မဟာအောင်မြေမြို့နယ်ရှိ မန္တလေးတက္ကသိုလ် ပင်မစာကြည့်တိုက်၌ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် မှာကြားရာတွင်-

- သမိုင်းနှင့် ဘာသာရပ်ပိုင်းဆိုင်ရာများ၊ လူမှုအသိုင်းအဝိုင်းဆိုင်ရာ ဗဟုသုတများကို စာကြည့်တိုက်မှတစ်ဆင့် ပေးစွမ်းနိုင်သည်ဖြစ်သဖြင့် စာကောင်းပေမွန်များကို ထားရှိရန်။
- စည်းကမ်းစနစ်တကျဖြင့် စာပေဖတ်ရှုလေ့လာခြင်း၊ library system များနှင့် စည်းကမ်းများကို တိကျစွာလိုက်နာစေခြင်းမှတစ်ဆင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဘဝတစ်လျှောက်လုံး systematically ကျစွာဖြင့် လုပ်ဆောင်တတ်သည့် အလေ့အကျင့်ကောင်းများကိုလေ့ကျင့်ပေးသွားရန်။
- စာကြည့်တိုက်ရှိ အဖိုးတန်စာကောင်းပေမွန်များ၊ ကျမ်းစာ၊ ပုရပိုဒ်စာများကို ရေရှည်ထိန်းသိမ်းနိုင်ရေးနှင့် လွယ်ကူစွာ

ဖတ်ရှုလေ့လာနိုင်ရေး နည်းပညာ အကူအညီဖြင့် ဆောင်ရွက်သွားရန်။

- စာကြည့်တိုက်နှင့် စာအုပ်စာစောင်များကို ရေရှည်တည်တံ့မှုရှိစေရေး ထိန်းသိမ်းမှုပုံစံ စနစ်ကျနရန် မှာကြားခဲ့။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်းသိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၁၁-၂၀၂၁)**




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျောင်းရန်ပုံငွေနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးပစ္စည်းများ ပေးအပ်စဉ်**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က မှာကြားရာတွင်-**
  - **ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ စာသင်ခန်းများ သပ်ရပ်သန့်ရှင်းမှုရှိစေရေးစသည့် ကောင်းမွန်သည့် အလေ့အကျင့်ရှိစေရေး သင်ကြားကြပ်မတ်ဆောင်ရွက်ရန်။**
  - **အားကစားကွင်းများ ကောင်းမွန်ရမည်ဖြစ်ပြီး အဆင့်မြှင့်တင်ရာတွင် အားကစားသမားများအတွက် အနားယူရန်နေရာများ၊ ပွဲကြည့်စင်များကိုလည်း ကြည့်ရှုသူ ပရိသတ်အရေအတွက်နှင့် ကိုက်ညီစွာ ထပ်မံတိုးချဲ့ဆောက်လုပ်နိုင်မည့် ပုံစံများဖြင့် ဆောင်ရွက်သွားရန်။**
  - **စာပေဖတ်ရှုလေ့လာခြင်း၊ library system များနှင့် စည်းကမ်းများကို တိကျစွာ လိုက်နာစေခြင်းမှတစ်ဆင့် ကျောင်းသား၊ကျောင်းသူများအနေဖြင့် ဘဝတစ်လျှောက်လုံး systematically ကျစွာဖြင့် လုပ်ဆောင်တတ်သည့် အလေ့အကျင့်ကောင်းများကို လေ့ကျင့်ပေးသွားရန်၊ စာကြည့်တိုက်ရှိ အဖိုးတန်စာကောင်းပေမွန်များ၊ ကျမ်းစာ၊ ပုရပိုဒ်စာများကို ရေရှည်ထိန်းသိမ်းနိုင်ရေးနှင့် လွယ်ကူစွာဖတ်ရှုလေ့လာနိုင်ရေး နည်းပညာ အကူအညီဖြင့် ဆောင်ရွက်သွားရန်။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးမြို့ရှိ လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ အားကစားကွင်းများနှင့် မန္တလေးတက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတက္ကသိုလ် ပင်မစာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစဉ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတက္ကသိုလ်အတွင်း ကြည့်ရှုစစ်ဆေးစဉ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာဘောလုံးကွင်း အဆင့်မြှင့်တင် ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစဉ်

# တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကော်မတီအစည်းအဝေး အမှတ်စဉ်(၁၅/၂၀၂၁) ကျင်းပ



တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ အစည်းအဝေး(၁၅/၂၀၂၁) ကို နိုဝင်ဘာလ ၃ ရက်တွင် နေပြည်တော်ရှိ ကာကွယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ ရေးရာ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက အဖွင့် အမှာစကား ပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးဌာနများမှ ကော်မတီသို့ ပေးပို့တင်ပြလာသည့် အမှာစာကိစ္စရပ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးသို့ ဆက်လက် တင်ပြရန်ကိစ္စရပ်များ၊ တိုင်း ရင်းသားရေးရာကိစ္စရပ်များ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုနှင့် ဝန် ဆောင်မှုရေးရာ ကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍများ အလိုက် ဆွေးနွေးခဲ့ပါသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင် စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ စောဒန်နီယယ် နှင့် ဒေါက်တာဗညားအောင်မိုး၊ ပြည်ထောင်စုဝန်ကြီးများဖြစ် ကြသည့် ဦးချစ်နိုင်၊ ဒေါက်တာသက်သက်ခိုင်နှင့် ဦးစောထွန်း အောင်မြင့်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက် ရောက်ခဲ့ပါသည်။

**(မြဝတီသတင်းစာ ၄-၁၁-၂၀၂၁)**

- **ပြည်ထောင်စုဝန်ကြီးဌာနများမှ ကော်မတီသို့ ပေးပို့တင်ပြလာသည့် အမှာစာကိစ္စရပ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးသို့ ဆက်လက်တင်ပြရန်ကိစ္စရပ်များ၊ တိုင်းရင်းသားရေးရာ ကိစ္စရပ်များ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးခဲ့။**

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးကျင်းပ






မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၅/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးကို နိုဝင်ဘာလ ၃ ရက်တွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၌ ကျင်းပခဲ့ရာ အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

- ယခုအစည်းအဝေးသည် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်(ကာလတို)၏ ပထမဆုံး အစည်းအဝေးဖြစ်ပြီး ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၁၉) ခု၏ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် စိုက်ပျိုးရေးကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများ၌ လုပ်ငန်းသစ် (၁၃) ခုကိုခွင့်ပြုခဲ့။
- အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ (၂၀၄ ဒသမ ၈၃၈) သန်းနှင့် ကျပ်သန်း (၂၂၅,၅၂၀ ဒသမ ၀၁၅) ရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း (၂,၉၇၂) နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း။
- ယခင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ရည်မှန်းချက်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး စီမံကိန်းအရ အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံဖြစ်ပြီး ကိုဗစ်-၁၉ ရိုက်ခတ်မှုကြောင့် ကမ္ဘာတစ်ဝန်းစီးပွားရေး လုပ်ငန်းများ ထိခိုက်မှုများရှိနေချိန်တွင် မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံမှု ပမာဏ ၃ ဒသမ ၈ ဘီလီယံနီးပါး အထိဝင်ရောက်ခဲ့ပြီး လျာထားချက်၏ ၆၅ ရာခိုင်နှုန်း ကျော်ရရှိခဲ့။
- ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ဒေသ ပေါင်း ၅၁ ခုအနက် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံများ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခု အနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၅ ဒသမ ၁၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၂၆ ရာခိုင်နှုန်းဖြင့် လည်းကောင်း ရင်းနှီးမြှုပ်နှံထားကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၁၁-၂၀၂၁)**

- **အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း(၁၉) ခု၏ မတည်ငွေရင်းတိုးမြှင့်ခြင်း အပါအဝင် စိုက်ပျိုးရေးကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများ၌ လုပ်ငန်းသစ် (၁၃) ခုကို ခွင့်ပြုခဲ့။**
- **ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ (၂၀၄ ဒသမ ၈၃၈) သန်းနှင့် ကျပ်သန်း (၂၂၅,၅၂၀.၀၁၅) ရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၂,၉၇၂) နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်။**

- **စီမံကိန်းအရအမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံ ဖြစ်ပြီး မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံမှု ပမာဏ ၃ ဒသမ ၈ ဘီလီယံနီးပါး အထိဝင်ရောက်ခဲ့ပြီး လျာထားချက်၏ ၆၅ ရာခိုင်နှုန်း ကျော်ရရှိခဲ့။**
- **ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ဒေသပေါင်း ၅၁ ခုအနက် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော စင်ကာပူ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခု အနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ လျှပ်စစ်ကဏ္ဍတွင် ၂၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍတွင် ၂၅ ဒသမ ၁၈ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ၁၄ ဒသမ ၂၆ ရာခိုင်နှုန်းဖြင့် လည်းကောင်း ရင်းနှီးမြှုပ်နှံထားကြောင်းသိရှိရ။**

# တက္ကသိုလ်၊ ကောလိပ်/ဒီဂရီကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ



တက္ကသိုလ်၊ ကောလိပ်/ဒီဂရီကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးနှင့် ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာလ ၃ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက-

- ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် မဖြစ်မနေလိုအပ်သော အချက်တစ်ချက်ဖြစ်၍ နောက်ထပ်အဆင့်တစ်ဆင့်အဖြစ် တက္ကသိုလ်၊ ကောလိပ်/ဒီဂရီကောလိပ်မှ ကျောင်းသား/သူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးရန် စီစဉ်လျက်ရှိကြောင်း။
- ကာကွယ်ဆေးထိုးနှံပေးရာတွင် တက္ကသိုလ်၊ ကောလိပ်/ဒီဂရီကောလိပ်များတွင် စာရင်းပေးသွင်း တက်ရောက်နေသူ ကျောင်းသား/သူများကို ဦးစားပေးထိုးနှံပေးမည် ဖြစ်ပြီး အနီးကပ်သင်တန်းစတင်တက်ရောက်မည့် အဝေးသင်ကျောင်းသား/သူများ ကိုပါ ထိုးနှံပေးမည်ဖြစ်ကြောင်း။
- သက်ဆိုင်ရာတက္ကသိုလ်များမှ ကျောင်းသား/သူများဆိုင်ရာ အချက်အလက်များကို ကာကွယ်ဆေးထိုးနှံခြင်း စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်တွင် ကြိုတင် ထည့်သွင်းခြင်းကို အချိန်မီဆောင်ရွက်ရန် ဆွေးနွေးပြောကြားခဲ့။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။

**(မြဝတီသတင်းစာ ၄-၁၁-၂၀၂၁)**

- **ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးရာတွင် တက္ကသိုလ်၊ ကောလိပ်/ဒီဂရီကောလိပ်များတွင် စာရင်းပေးသွင်း တက်ရောက်နေသူ ကျောင်းသား/သူများကို ဦးစားပေး ထိုးနှံပေးမည်ဖြစ်ပြီး အနီးကပ်သင်တန်းစတင်တက်ရောက်မည့် အဝေးသင်ကျောင်းသား/သူများကိုပါ ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်။**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ




ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးပေးခြင်းတို့အား ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်-

- နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၈၈ ဦးနှင့် အမျိုးသမီး ၇၈ ဦး စုစုပေါင်း ၁၆၆ ဦးအား လက်ခံ ကုသပေးလျက်ရှိ။
- တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၃ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူ စုစုပေါင်း ၁၈၃,၃၉၁ ဦးအား လည်းကောင်း၊ ပထမအကြိမ် အဖြစ် ပြည်သူစုစုပေါင်း ၁၀၇,၄၉၉ ဦးအား လည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းကျောင်းများမှ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ နိုဝင်ဘာလ ၃ ရက်တွင် ၁၈,၇၀၈ ဦး ရှိခဲ့ပြီး စုစုပေါင်း ၁,၀၂၄,၃၅၇ ဦးအား ထိုးနှံပြီးစီးခဲ့ပြီးဖြစ်။
- ကိုဗစ်-၁၉ ရောဂါ လူနာများကုသရာတွင် အထောက်အကူဖြစ်စေရန်အတွက် ကာကွယ်ဆေးများနှင့် ဆေးထိုးအပ်များကို တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နှင့် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့များသို့ သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တပ်မတော်(လေ)မှလေယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးများနှင့် ဆက်စပ် ပစ္စည်းများအား ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရန်အတွက် ဆောင်ရွက် ပေးလျက်ရှိရာ-

- နိုဝင်ဘာလ ၃ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများနှင့် မြဝတီ ကုန်သွယ်ရေးဇုန်တို့မှ တင်သွင်းရာ၌

ကုမ္ပဏီ ၁ ခုမှ ယာဉ်စီးရေ ၁ စီးဖြင့် အောက်စီဂျင်အိုးခွံ ၂၀၀ ခု၊ လုပ်ငန်းသုံးအောက်ဆီဂျင်စက်(Oxygen Generator) ၁ ခု၊ အိမ်သုံးအောက်စီဂျင် ( Oxygen Concentrator) ၃၀ နှင့် လက်အိတ် ၉ တန် တို့ကို တင်သွင်းနိုင်ခဲ့။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ ဓာတ်ခွဲစမ်းသပ် စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက် ရှိရာ နိုဝင်ဘာလ ၃ ရက်တွင် ဓာတ်ခွဲနမူနာ စုစုပေါင်း ၂၈,၇၃၉ ခု အားစစ်ဆေးခဲ့ပြီး၊ ပိုးတွေ့လူနာသစ် ၉၅၅ ဦးဖြင့် ပိုးတွေ့ရှိမှု ၃.၃၂ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၃-၁၁-၂၀၂၁ ရက်အထိ ဓါတ်ခွဲ နမူနာစုစုပေါင်း ၄,၉၃၉,၇၄၉ ခု အား စစ်ဆေးခဲ့ရာ အတည်ပြု လူနာစုစုပေါင်း ၅၀၂,၉၇၉ ဦးနှင့် သေဆုံးသူ စုစုပေါင်း ၁၈,၇၄၄ ဦးရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၁၁-၂၀၂၁)**



ကျုံပျော်မြို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနေမှု





လာရှိုးလေဆိပ်တွင် တာဝန်ရှိသူများထံ ကာကွယ်ဆေးများ လွှဲပြောင်းပေးနေမှု



ရွှေပြည်သာမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနေမှု



သန်လျင်မြို့နယ်အတွင်းရှိ ကျောင်းသား၊ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးနေမှု

- **ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအား နိုဝင်ဘာလ ၃ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၈၃,၃၉၁ ဦးအား လည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၀၇,၄၉၉ ဦးအားလည်းကောင်း ကာကွယ်ဆေး ထိုးနှံပေးခဲ့။**
- **တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများ၏ ကိုဗစ်-၁၉ ကာကွယ် ဆေးထိုးနှံပြီးစီးမှုမှာ နိုဝင်ဘာလ ၃ ရက်တွင် ၁၈,၇၀၈ ဦးရှိခဲ့ပြီး စုစုပေါင်း ၁,၀၂၄,၃၅၇ ဦးအား ထိုးနှံပြီးစီး ခဲ့ပြီးဖြစ်။**

**ကျောက်ဆည်မြို့နယ်၊ သင်ပျိုကျေးရွာ၌ ကိုဗစ်-၁၉ ရောဂါကူးစက် ပြန့်ပွားမှု ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပညာပေး ဟောပြောနေသည့် ကျေးရွာအုပ်ချုပ်ရေးမှူးအား အကြမ်းဖက်သမားများက အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်**





**အကြမ်းဖက်သမားများ၏ အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည့် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အကြမ်းဖက်သမားများ ပစ်ခတ်ခဲ့သည့် ကျည်ဆန်ခွံများ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက် လျက်ရှိရာ အကြမ်းဖက်အဖြစ် သတ်မှတ်ထားသော NUG ၏ စီစဉ်ကြိုးကိုင်မှုဖြင့် PDF အမည်ခံအကြမ်းဖက်သမားများက ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးစုရပ်များအား ဖုံးခွဲတိုက်ခိုက်ခြင်း၊ ကိုဗစ်-၁၉ ကုသရေးဆေးရုံနှင့် စင်တာများအား နှောင့်ယှက်ဖျက်ဆီးခြင်းနှင့် ကိုဗစ် ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသော ပရဟိတသမားများနှင့် အုပ်ချုပ်ရေးမှူးများအား လူမဆန်စွာ ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

- နိုဝင်ဘာလ ၁ ရက် ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် သင်ပျိုကျေးရွာ အုပ်ချုပ်ရေးမှူးဖြစ်သူ ဦးမြင့်သိန်းဌေးသည် တာဝန်ရှိသူများနှင့်အတူ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုအား ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အသံချဲ့စက်ဖြင့် ပညာပေးနှိုးဆော်ခြင်းများ ဆောင်ရွက်နေစဉ် အကြမ်းဖက် အမျိုးသား ၂ ဦးက ဆိုင်ကယ် ၁ စီးဖြင့် ရောက်ရှိလာပြီး ဦးမြင့်သိန်းဌေးအား ပစ္စတိုသေနတ်ဖြင့် ၅ ချက်ခန့် ပစ်ခတ်၍ ထွက်ပြေးသွားခဲ့။
- ဦးမြင့်သိန်းဌေး၏ ဝမ်းဗိုက်နှင့် ရင်ဘတ်တို့တွင် ကျည်ထိမှန်ဒဏ်ရာများ ရရှိခဲ့သဖြင့် ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ရာ ရရှိဒဏ်ရာများဖြင့် သေဆုံးခဲ့။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုအား တားဆီးနိုင်ရန် ဒေသအကျိုးဆောင်ရွက် နေသူအား ယခုကဲ့သို့ အကြမ်းဖက်သတ်ဖြတ်မှုအတွက် PDF အမည်ခံ အကြမ်းဖက်သမားများအား အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုက ရွံရှာမုန်းတီးလျက်ရှိပြီး ထိရောက်စွာ အရေးယူနိုင်ရန် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများနှင့် ပူးပေါင်း၍ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၄-၁၁-၂၀၂၁)**

- အကြမ်းဖက်အဖြစ် သတ်မှတ်ထားသော NUG ၏ စီစဉ်ကြိုးကိုင်မှုဖြင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးစုရပ်များအား ဖုံးခွဲတိုက်ခိုက်ခြင်း၊ ကိုဗစ်-၁၉ ကုသရေးဆေးရုံနှင့် စင်တာများအား နှောင့်ယှက်ဖျက်ဆီးခြင်းနှင့် ကိုဗစ်ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသော ပရဟိတသမား များနှင့် အုပ်ချုပ်ရေးမှူးများအား လူမဆန်စွာ ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ခြင်းများ ဆောင်ရွက်လျက်ရှိ။
- အကြမ်းဖက်အမျိုးသား ၂ ဦးက အုပ်ချုပ်ရေးမှူးရုံးအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုအား ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အသံချဲ့စက်ဖြင့် ပညာပေးနှိုးဆော်နေသော ဦးမြင့်သိန်းဌေးအား ပစ္စတို သေနတ်ဖြင့် ၅ ချက်ခန့်ပစ်ခတ်ခဲ့၍ လူမဆန်စွာ သတ်ဖြတ်ခဲ့။
- ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုအား တားဆီးနိုင်ရန် ဒေသအကျိုးဆောင်ရွက်နေသူအား ယခုကဲ့သို့ အကြမ်းဖက် သတ်ဖြတ်မှုအတွက် PDF အမည်ခံ အကြမ်းဖက်သမားများအား အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုက ရွံရှာမုန်းတီးလျက်ရှိပြီးထိရောက်စွာ အရေးယူနိုင်ရန် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများနှင့်ပူးပေါင်း၍ ဖမ်းဆီးရ မိရေး ဆောင်ရွက်လျက်ရှိ။

## အကြမ်းဖက်သမားများက စာသင်ကျောင်းများအား မီးရှို့ဖျက်ဆီး မိုင်းထောင်ဖောက်ခွဲ



ကျောက်တန်းမြို့နယ် ဆင်မတော်ကျေးရွာ စာသင်ကျောင်းသို့ လာရောက်ပစ်ခတ်ခဲ့သည့် လက်လုပ်ဗုံး အပိုင်းအစများ



မြောင်းမြမြို့နယ်ရှိ စာသင်ကျောင်းအား မီးရှို့ဖျက်ဆီးထားမှုကို တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးစဉ်

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် CRPH ၊ NUG နှင့် PDF အကြမ်းဖက် သမားများသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုကိုပျက်ပြားစေရန်ရည် ရွယ်ချက်ဖြင့် အချို့ဒေသများတွင် လက်နက်ကိုင်တိုက်ခိုက်မှု များ၊ လမ်း၊ တံတားဖောက်ခွဲဖျက်ဆီးမှုများအပြင် အများပြည် သူနေထိုင်လျက်ရှိသောနေအိမ်များ၊ နိုင်ငံတော်နှင့်ပုဂ္ဂလိက ပိုင်စက်ရုံ၊အလုပ်ရုံများအားမီးရှို့ဖျက်ဆီးဖောက်ခွဲ တိုက်ခိုက် ခြင်းများလုပ်ဆောင်လျက်ရှိရာ ယခုအခါ အခြေခံပညာကျောင်း များပြန်လည်ဖွင့်လှစ်ချိန်တွင် ကျောင်းသား/သူများ စိတ်အေး ချမ်းသာစွာ ပညာသင်ကြားနေမှုများအပေါ် ယုတ်မာပက်စက် သိမ်ဖျင်းသေးနုတ်သောအကြံဖြင့် ကျောင်းသား/သူ များနှင့် မိဘ ပြည်သူများ အထိတ်တလန့်ဖြစ်စေရန်ရည်ရွယ်၍ စာသင်ကျောင်း များအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းများကို ဦးတည်လုပ်ဆောင်လာကြောင်း တွေ့ရှိရသည်။ ထိုသို့လုပ် ဆောင်လျက်ရှိရာ နိုဝင်ဘာလ ၂ ရက်တွင်-

- ရောဂတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ ဖိုးကြာကုန်း ကျေးရွာရှိ မူလွန်စာသင်ကျောင်းအား အကြမ်းဖက်သမား များက မီးရှို့ဖျက်ဆီးခဲ့ရာ စာသင်ခန်း ၂ ခန်းမီးလောင် ပျက်စီးခဲ့။
- မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည် နန္ဒာရပ်ကွက်ရှိ အမှတ် (၃၅) အခြေခံပညာအထက်တန်း ကျောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ဆင်မကော်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းများ အား အကြမ်းဖက်သမားများက လက်လုပ်ဗုံးများဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ရာ ပေါက်ကွဲမှုကြောင့် လူနှင့်အဆောက် အဦ ထိခိုက်မှုမရှိ။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင် ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၄-၁၁-၂၀၂၁)**

- **ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ ဖိုးကြာကုန်းကျေးရွာရှိ မူလွန်စာသင်ကျောင်းအား အကြမ်းဖက်သမား များက မီးရှို့ဖျက်ဆီးခဲ့ရာ မီးလောင်မှုကြောင့် စာသင်ခန်း ၂ ခန်းမီးလောင်ပျက်စီးခဲ့။**
- **မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်ရှိ အမှတ်(၃၅)အခြေခံပညာအထက်တန်းကျောင်း နှင့်ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ဆင်မကော်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းများအား အကြမ်းဖက်သမားများက လက်လုပ်ဗုံးများဖြင့် လာရောက်ပစ်ခတ်ဖောက်ခွဲခဲ့ရာ ပေါက်ကွဲမှုကြောင့် လူနှင့်အဆောက် အဦထိခိုက်မှုမရှိ။**
- **အကြမ်းဖက်သမားများသည် ကျောင်းသား/သူများနှင့် မိဘပြည်သူများ အထိတ်တလန့်ဖြစ်စေရန်ရည်ရွယ်၍ စာသင် ကျောင်းများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းများကို ဦးတည်လုပ်ဆောင်လာကြောင်းတွေ့ရှိရ။**